ဓမ္မဒါနကုသိုလ်ရှင်

မိဘနှစ်ပါးအား အမှူးထား၍

# မသင့်သင့်သူ

(မေတ္တာရောင်ခြည်)

မိသားစု

နတ်လူသာမှုခေါ်စေသော်


**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**

အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၄၅)

# တရားသိလျက် အကျင့်ခက်

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# တရားသိလျက် အကျင့်ခက်

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

**ဤတရားတော်စာအုပ်များကို ဓမ္မစာပေပြန့်ပွားရေး**
**အလှူတော်ငွေများဖြင့် ပုံနှိပ်ဖြန့်ဝေပါသည်။**

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာ
သက္ကရာဇ် ၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်
ရန်ကုန်းတိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်
(၁)ရပ်ကွက်၊ ရတနာလမ်း ဝိသုဒ္ဓိ ဆွမ်းလောင်း
အသင်း၏ စတုတ္ထအကြိမ်မြောက်
ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်
အခမ်းအနားဝယ် ဟောကြားအပ်သော
**"တရားသိလျက် အကျင့်ခက်"**
တရားဒေသနာတော်။

# တရားသိလျက် အကျင့်ခက်

"တရားသိလျက် အကျင့်ခက်" ဆိုတာ သိတော့ သိတယ်။ သိတဲ့အတိုင်း လိုက်နာကျင့်သုံးဖို့ မလွယ် ကူဘူးတဲ့။ သိတယ်ဆိုတဲ့နေရာမှာ သင်ထားလို့ သိတဲ့ အသိက တစ်မျိုးပေါ့။ လက်တွေ့ကျင့်သုံးပြီး သိတဲ့ အသိက တစ်မျိုးဖြစ်တယ်။ အဲဒီ (၂) မျိုးထဲမှာ သင်ထားလို့ သိတဲ့ အသိက လက်တွေ့ကျင့်သုံးပြီးတော့ သိတဲ့ အသိလောက် ခိုင်မာမှု၊ ရင့်ကျက်မှု မရှိဘူးတဲ့။

ဘာဖြစ်လို့ သတ္တဝါတွေဟာ သိလျက်သားနဲ့ မကျင့်နိုင်ကြတာလဲ ဆိုတော့ မကျင့်နိုင်ခြင်းရဲ့ အကြောင်းဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေ လွှမ်းမိုးမှုက အင်မတန်မှ အား ကောင်းပြီးတော့ အသိဉာဏ်က အားပျော့ သေးသိမ်နေလို့ပဲ ဖြစ်တယ်။ အကယ်၍သာ အသိဉာဏ်က လွှမ်းမိုးသွားမယ် ဆိုရင် လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေက အင်အားပျော့ညံ့သွားပြီး တရားသိလျက် အကျင့် ခက်စရာ မရှိတော့ဘူးတဲ့။ သိတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့တစ်တွေ သတိထားဖို့ရာက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ ကြုံတွေ့တဲ့

အခါမှာ သိအောင် သင်ယူကြရမှာက နံပါတ်တစ် အရေးကြီးဆုံး ဖြစ်တယ်။ မြတ်စွာဘုရားကလည်း သာသနာတော်မြတ်ကြီးကို 'ပရိယတ္တိသာသနာ' လို့ နံပါတ်တစ် ဟောထားတယ်။ "ပရိယတ္တိဆိုတာ သင်ယူခြင်း" လို့ အဓိပ္ပါယ်ရတယ်။ မသင်ယူဘဲနဲ့ မည်သူတစ်ဦးတစ်ယောက်မျှ တရားဓမ္မကို သိတယ် ဆိုတာ မရှိဘူး။ တရားနာတာဟာ သင်နေတာပဲ။ နားနဲ့ကြားနာနေတာဟာ သင်ယူခြင်းပဲ၊ သင်ယူပြီး တဲ့နောက်မှာ လက်တွေ့ကျင့်သုံးမှုဆိုတာ နောက်က လိုက်ရတယ်။ မြတ်စွာဘုရား ဟောကြားခဲ့တဲ့တရား တော်တွေ ဆိုပါစို့ ဘုရားအဆူဆူရဲ့ အဆုံးအမ ဩဝါဒ။ 'သဗ္ဗပါပဿ အကရဏံ' တဲ့။ 'ယုတ်မာ ညစ်ကျူ အကုသိုလ်အမှုမှန်သမျှ မလုပ်နဲ့' တဲ့။ ဒါက

ဘုရားဟောတာ။ ဘုန်းကြီးတို့တစ်တွေက အဲဒါကို သင်ရမယ်။ ယုတ်မာညစ်ကျူ အကုသိုလ်အမှု မှန်သမျှ မလုပ်နဲ့ဆိုတာကို သင်ယူပြီးတဲ့နောက်မှာ အကုသိုလ်ဆိုတာ မလုပ်ရဘူးဆိုတာကို သိတဲ့ အသိကလေး ကိုယ့်သန္တာန်မှာ ရှိလာတယ်။ ရှိလာတဲ့အတိုင်း အကုသိုလ်ကို ရှောင်ရမယ်။ မရှောင်ဘူးဆိုရင် တရားသိလျက် အကျင့်ခက် ဖြစ်သွားပြီ။

"ကုသလဿူပ သမ္ပဒါ" ကုသိုလ်တရားတွေ မိမိသန္တာန်မှာ ပြည့်စုံစေရမယ်တဲ့။ ကုသိုလ်တရားဆိုတာ အဆင့်ဆင့် ရှိတယ်။ ဒါနကုသိုလ် ရှိတယ်။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့် ဖြစ်ပေါ်လာတဲ့ ကုသိုလ်ကို ဒါနကုသိုလ်။ ကျင့်သုံးဆောက်တည်ခြင်းဖြင့် ဖြစ်ပေါ်လာတာ သီလကုသိုလ်။ မိမိစိတ်

ကလေး ကောင်းတဲ့အာရုံနဲ့ လေ့ကျင့်ပြီးတော့ ပွားများတာ ဘာဝနာကုသိုလ် ဖြစ်တယ်။ ဒါနကုသိုလ်လည်း ပြည့်စုံစေရမယ်။ သီလကုသိုလ်လည်း ပြည့်စုံစေရမယ်။ ဘာဝနာကုသိုလ်လည်း ပြည့်စုံစေရမယ်။ ဒီကုသိုလ်တွေ ပြည့်စုံစေရမယ် ဆိုတာကို မြတ်စွာဘုရားက ဟောထားတာ။ အဲဒီ တရားကို ရှေးဦးစွာ သင်လိုက်ရမယ်။ ကုသိုလ်ဆိုတာ မိမိသန္တာန်မှာ ပြည့်စုံအောင် လုပ်ရမယ် ဆိုတဲ့ အသိလေး ရလာတယ်။ အဲဒီ သိထားတဲ့ အတိုင်း ဒါနကောင်းမှုလည်း လုပ်တယ်၊ သီလလည်း ဆောက်တည်တယ်၊ ဘာဝနာလည်း ပွားများအားထုတ်တယ်၊ ကုသိုလ်တွေ ရအောင်ယူတယ် ဆိုရင် ကျင့်သုံးတယ်လို့ ခေါ်တယ်။ အကယ်၍ ကုသိုလ်ဆိုတာ မိမိသန္တာန်မှာ

2 A

ပြည့်စုံ စေရမယ်ဆိုတဲ့ အသိလေး ရှိသော်လည်း ကုသိုလ် ကောင်းမှုကို မလုပ်ဘူး၊ မလုပ်ဖြစ်ဘူး ဆိုရင် ဒါလည်း 'တရားသိလျက် အကျင့်ခက်' ပဲ ဖြစ်တယ်။

နောက်တစ်ခု မြတ်စွာဘုရားဟောက ဟောတယ်။ "သစိတ္တ ပရိယောဒပနံ" ကိုယ့်စိတ်ကလေးကို ဖြူစင်အောင်ထားတဲ့။ စိတ်ဖြူစင်တယ် ဆိုတာ ညစ်နွမ်းတဲ့စိတ်တွေ မရှိသင့်ဘူး။ ညစ်နွမ်းတဲ့ စိတ်ဆိုတာ ဘာတုန်း? လောဘဆိုတဲ့ အညစ်အကြေး၊ ဒေါသဆိုတဲ့ အညစ်အကြေး၊ မောဟဆိုတဲ့ အညစ်အကြေး၊ မာန်မာနဆိုတဲ့ အညစ်အကြေး၊ ဣဿာဆိုတဲ့ အညစ်အကြေး၊ မစ္ဆရိယဆိုတဲ့ အညစ်အကြေး၊ အဲဒီတရားတွေ စိတ်ထဲမှာ ပေါ်လာပြီဆိုရင် စိတ်ဟာ ညစ်နွမ်းသွားတယ်လို့ ခေါ်တယ်။

အဲဒီ ညစ်နွမ်းသွားတဲ့ စိတ်ကို ဖြူစင်အောင် လုပ်ရမယ်။ (စိတ်ဆိုတာ သဘာဝအားဖြင့် ဖြူစင်နေတာဖြစ်လို့ ညစ်နွမ်းသွားတဲ့ စိတ်ကို ပြန်ဖြူအောင် လုပ်လို့ရတယ်) ဆိုပါစို့ အဝတ်ဟာ နဂိုကတည်းက အမဲရောင်ဆိုးထားတဲ့ အဝတ်၊ အဲဒီ အမဲရောင်၊ အနက်ရောင် ဆိုးထားတဲ့ အဝတ်ကို ဖြူအောင် လုပ်ပါလို့ ဆိုလို့ ဖြစ်နိုင်ပါ့မလား? မဖြစ်နိုင်ဘူး။ စိတ်က နဂိုက အဖြူရောင်၊ အဲဒီ အဖြူပေါ်မှာ တခြား အရောင်တွေကြောင့် ညစ်နွမ်းလာတယ်၊ မဖြူစင်ဘူးဆိုရင် နောက်မှပေါ်လာတဲ့ အရောင်တွေကို အရောင်ချွတ်ဆေး၊ ဆပ်ပြာစသည်ဖြင့် ဖွတ်လျှော်လိုက်မယ် ဆိုရင် နောက်မှပေါ်လာတဲ့ အရောင်တွေဟာ ကျွတ်သွားပြီးတော့ ပကတိ အရောင်ဖြစ်တဲ့ ဖြူစင်မှုကို ရတယ်။

မြတ်စွာဘုရားက စိတ်ဟာ ပင်ကိုယ်က အနက် မဟုတ်ဘူး၊ ပင်ကိုယ်သဘာဝအားဖြင့် ဖြူစင် တယ်။ "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ"တဲ့။ စိတ် ဆိုတာ သန့်ပြန့်ဖြူစင်နေတဲ့ သဘာဝတရားတဲ့ ဘာဖြစ်လို့ လဲဆိုရင် သူက အာရုံကို သိရုံသိတာ။ စိတ်ရဲ့ သဘာဝက အာရုံကို သိရုံပဲသိတယ်။ တွယ်တာမှု ဆိုတာ မဖြစ်ဘူး။ မုန်းတီးမှုဆိုတာလည်း မဖြစ်ဘူး။ သိရုံမျှ သက်သက်သာ သိတာဆိုတော့ ဖြူစင်တယ်။ အဲဒီ သဘာဝအားဖြင့် ဖြူစင်နေတဲ့ စိတ်ကလေးဟာ "တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ"။ အခိုက်အတန့် ဖြစ်ပေါ်လာတဲ့ လောဘကြောင့် စိတ်ကလေးဟာ ညစ်နွမ်း သွားရ တယ်။ ဒေါသကြောင့် စိတ်ကလေးဟာ ညစ်နွမ်း

သွားရတယ်။ မာန်မာနတွေ၊ ဣဿာ မစ္ဆရိယ တွေကြောင့် အဲဒီအညစ်အကြေးတွေကိုစနစ် တကျ သန့်စင်ဆေးကြောပစ်လိုက်မယ် ဆိုရင်ပင်ကိုယ်က အနေအထားအတိုင်း ပြန်ရောက်သွား နိုင်တယ်။ ကိုယ့်စိတ်ကလေးကို စင်ကြယ်အောင် လုပ်ရမယ် ဆိုတာ ဒါကိုပြောတာဖြစ်တယ်။

စဉ်းစားကြည့်လေ လူတွေဟာ စိတ်ကြည်နေ တဲ့အချိန် ဒေါသဆိုတာ လာမှမလာတာဘဲ။ ဒေါသ ဆိုတာ အာရုံကြောင့် မိမိရဲ့ နှလုံးသွင်းမှု မှားယွင်း မှုကြောင့် အခိုက်အတန့်ပေါ် လာတဲ့ သဘောတရား ပဲ ဖြစ်တယ်။ ဒါကို သန့်စင်အောင် ဆေးကြောပစ်ရ မှာပေါ့။ ဆေးကြောပစ်လိုက်တဲ့ အခါကျတော့ ဒေါသမရှိတဲ့ စိတ်ဟာ တည်ငြိမ်တဲ့ စိတ်၊ ဖြူစင်တဲ့

စိတ် ပြန်ပြီးတော့ ဖြစ်လာတယ်။ ထို့အတူပဲ လောဘဆိုတာ အမြဲဖြစ်နေတာ မဟုတ်ဘူး။ အာရုံနဲ့တွေ့လို့ လိုချင်မှုတွေ တပ်မက်မှုတွေ လွှမ်းမိုးလာတဲ့အခါ တရား နည်းလမ်းကျတဲ့ ဖြေဆေးနဲ့ ဖြေပေးပြီးတော့ သန့်စင် ပေးလိုက်မယ်ဆိုရင် နဂိုငြိမ်းအေး ငြိမ်သက်တဲ့ ဖြူစင်တဲ့ စိတ်ကလေးကို ပြန်ပြီးတော့ ရနိုင်တာပေါ့။

လူတွေရဲ့ စိတ်ထဲမှာ အမြဲတမ်း သူများအပေါ်မှာ မနာလိုတဲ့စိတ်တွေ ဖြစ်တာမှမဟုတ်ဘဲ။ ကိုယ်သာ ရချင်တယ်ဆိုတဲ့စိတ်ဟာလည်း အမြဲတမ်း ဖြစ်တာမှ မဟုတ်ဘဲ။ သူများစည်းစိမ်ကို စဉ်းစား လိုက်တဲ့အခါကျမှ မနာလိုစိတ်ဆိုတာ ဝင်လာတာ ဖြစ်တယ်။ ကိုယ့်ထက်သာမနာလို၊ ကိုယ့်ထက်သာသွား

မှာမကျေနပ်တဲ့စိတ်ကလေးက တွေးကြည့် လိုက်မှ ပေါ်လာတာ။ ကိုယ်ရထားတဲ့ အခွင့်အရေး တစ်ခု ကို သူတပါးကို မပေးလိုတဲ့ မစ္ဆရိယ စိတ်ကလေး ဟာလည်း မတွေးဘဲနေတဲ့အခါ ပေါ်တာမှ မဟုတ် ဘဲ၊ တွေးလိုက်တဲ့အခါကျမှ ပေါ်လာတာ ဖြစ်တယ်။ အဲဒီတော့ အကြောင်းရှိမှ ဝင်လာတဲ့ ဒီစိတ်ရဲ့အညစ် အကြေးတွေကို မှန်ကန်တဲ့ အတွေး တစ်ခုနဲ့ သန့်စင် ဆေးကြောလိုက်မယ်ဆိုရင် ဖြူစင်သွားမယ်တဲ့။

အဲဒါကြောင့်မို့ မြတ်စွာဘုရားက စိတ်ကို ပင်ကိုယ်အနေအထားအတိုင်း ဖြစ်အောင် အညစ် အကြေးတွေကို ဆေးကြောသန့်စင်ပေးရမယ် ဆိုတဲ့ အဓိပ္ပါယ်ကို ဘုန်းကြီးတို့တစ်တွေ သင်ယူကြရ တယ်။ သင်လိုက်တဲ့ အခါကျတော့ ဒီတရားလေးကို

သိသွားတယ်။

သင်ယူလိုက်တဲ့အခါကျတော့ ကြည့်၊ အကုသိုလ် မှန်သမျှ မလုပ်ရဘူးဆိုတာ သိသွားပြီ။ ကုသိုလ် မှန်သမျှ ပြည့်စုံစေရမယ် ဆိုတာလည်း သိသွားပြီ။ ကိုယ့်စိတ်ကလေးကို ဖြူစင်အောင်၊ သန့်ရှင်း အောင် လုပ်ရမယ် ဆိုတာလည်း သိသွားပြီ။ သိသွားပြီးရင် ဘာလုပ်ရမလဲ၊ လက်တွေ့ အကုသိုလ်ကို ရှောင်ဖို့နဲ့ ကုသိုလ်ကို ပြည့်စုံအောင် လုပ်ဖို့၊ ညစ်နွမ်းတဲ့ စိတ် ကလေးကို ညစ်နွမ်းမှုမရှိရအောင်၊ ဖြူစင်အောင် လုပ်ဖို့ ဒါက ကျင့်သုံးတာပေါ့။ သိပြီးလျှက်နဲ့ မကျင့် သုံးတာဟာ 'တရားသိလျက် အကျင့်ခက်' ပဲ ဖြစ်တယ်။

လောက လူတွေဟာ သိတိုင်း ကျင့်နိုင်ကြ

သလား ဆိုတော့ မကျင့်နိုင်ကြဘူး။ အဲဒီတော့ မကျင့်နိုင်တာဟာ ဘာကြောင့်လဲဆိုရင် ကိလေသာ လွှမ်းမိုးမှု အကြိမ်တွေက များတယ်။ သတိထားမိတဲ့ အကြိမ်က နည်းတယ်။ သိတဲ့ အသိတရားက အားပျော့ပြီးတော့ ကိလေသာတွေ အားကောင်းနေသည့် အတွက်ကြောင့် ဘာနဲ့ အလားတူလဲ ဆိုရင် မီးဖိုချောင်မှာ သုံးတဲ့ အညစ်အကြေး ပေနေတဲ့ လက်နှီးစုတ်လို ဖြစ်နေတယ်။ သို့မဟုတ် ပန်းချီဆရာရဲ့ လက်သုတ်ပုဝါလို (ပန်းချီဆရာက ဆေးစုပ်ရင်းကနေ ဆေးစက်တွေကို သုတ်လိုက် ကိုင်လိုက် လုပ်တဲ့ အခါမှာ အဝတ် ကလေးမှာ အရောင်မျိုးစုံ စွဲပြီးတော့ နေတဲ့ ပန်းချီ ဆရာကိုင်တဲ့ လက်သုတ်ပုဝါ) အနေအထားမျိုး ရောက်နေတယ်။ ကိလေသာတွေက

ထူပြောလို့ သန့်ရှင်းစင်ကြယ်မှု ဆိုတာ အလွန် အား နည်းလာတယ်။ ဒါကြောင့်မို့တရားသိလျက် အကျင့် ခက်လို့ ဒီလိုပြောတာ။ အဲဒီတော့ သိအောင် သင်ရ မယ်ဆိုတဲ့နေရာမှာ အခုလို တရားနာလိုက်တဲ့ အခါ မှာ တရားဓမ္မနဲ့ ပတ်သက်ပြီးတော့ ရှောင်ရမှာလည်း သိလိုက်တယ်၊ ဆောင်ရမှာလည်း သိလိုက် တယ်။ လက်တွေ့ ကျင့်သုံးတဲ့အခါမှာ ဆောင်ရမှာကို ဆောင်ဖို့နဲ့ ရှောင်ရမှာကို ရှောင်ဖို့ လိုအပ်တယ်။

အေး ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မတွေ၊ ယခုကဲ့သို့သော ဆုံးမဩဝါဒတွေ မြောက်များစွာရှိတယ်။ မှတ်တမ်းတင်ထားတာ 'ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်'လို့ခေါ် တယ်။ အဲဒီလောက်

များလှတဲ့ တရားဓမ္မတွေထဲက ဓမ္မက္ခန္ဓာလေး တစ်ခုပဲ သိရ,သိရ၊ ပြောရမယ်ဆိုရင် "သဗ္ဗပါပဿ အကရဏံ" ဆိုတာ ဓမ္မက္ခန္ဓာလေး တစ်ခုပဲ။ "ကုသလဿူပ သမ္ပဒါ" ကုသိုလ် ပြည့်စုံပါစေ ဆိုတာလည်း ဓမ္မက္ခန္ဓာ လေးတစ်ခုပဲ။ "သစိတ္တ ပရိယောဒပနံ" ဆိုတာလည်း ဓမ္မက္ခန္ဓာလေး တစ်ခုပဲ။ ဩော် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတွေထဲက မိမိသိရှိလိုက်တာ ဓမ္မက္ခန္ဓာ(၃)ခု သိလိုက်ပြီလို့ ဒီလိုပြောတာ။

အဲဒီလို သိလာတဲ့ အသိကလေးတွေဟာ လက်တွေ့ကျင့်သုံးလိုက်ပြီဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိသွားတယ်။ လောကမှာ အရသာရှိတဲ့ အစာ အာဟာရပင် ဖြစ်လင့်ကစား လျှာပေါ် မရောက်

သေးသမျှ အရသာဆိုတာ မှန်းကြည့်ရုံမျှသာ ဖြစ်တယ်။ တကယ်လက်တွေ့ စားသုံးလိုက်ပြီဆိုတဲ့ အခါ လျှာပေါ် ရောက်ပြီ ဆိုတော့မှ ထို အရသာကို ခံစားမှုဆိုတာ ဖြစ်ပေါ် လာတယ်။ တရားဟာလည်း ထို့အတူပဲ လက်တွေ့ ကျင့်သုံးကြည့်တဲ့ အခါမှ တရားရဲ့အရသာ ခံစားနိုင်တယ်။ အေးချမ်းမှုတွေ၊ ငြိမ်းချမ်းမှုတွေ ရလာမယ်။

တရားဆိုတာ နာကြားလိုက်ရုံနဲ့ပဲ ပူပင်သောကတွေ ပျောက်ကင်းသွားလို့ ကျင့်လိုက်မယ်ဆိုရင် တကယ့်ကို ငြိမ်းချမ်းတဲ့ အရသာ ခံစားရမယ်။ ဒါကြောင့်မို့ ပရိယတ္တိနဲ့ ပဋိပတ္တိကို လိုက်လျောညီထွေ ရှိရမယ်တဲ့။ သင်လည်းသင်၊ ကျင့်လည်း ကျင့်၊ သင်တဲ့အတိုင်းလည်း ကျင့်ရမယ်၊ ကျင့်တဲ့ အတိုင်း

လည်း သင်။ ပရိယတ်၊ ပဋိပတ် စုံညီသွားပြီ ဆိုရင် ပဋိဝေဓ ဆိုတဲ့ ထူးခြားတဲ့ ထိုးထွင်း သိမြင်တဲ့ အဆင့်မြင့်တဲ့ အသိမျိုးကို ထပ်ဆင့်ပြီးတော့ ရလာမှာ ဖြစ်တယ်။

အေး.. သင်ရုံသင်ပြီးတော့ မကျင့်ဘူး၊ သင်ထားတဲ့ အသိကလေး တစ်ခုတည်းနဲ့ မကျင့်ဘူးဆိုရင် ဘာတွေ ဝင်လာတတ်သလဲ ဆိုရင် သင်ထားတဲ့ တရားဓမ္မကို အကြောင်းပြုပြီး တော့(ရဟန်းတစ်ပါး အနေနဲ့ ပြောမယ်ဆိုရင်ပေါ့) စာသင်လိုက်လို့ ဘာ စာမေးပွဲတွေ အောင်တယ်၊ ဘွဲ့ထူး,ဂုဏ်ထူးတွေ ရတယ်။ စာပေတွေ တတ်တယ်လို့ နာမည်လေး တစ်လုံး ရလာတဲ့အခါ ကြည်ညိုကိုးကွယ်တဲ့ ဒကာ၊ ဒကာမတွေ ကလည်း များလာတယ်၊ များလာတော့

လာဘ်လာဘတွေ များလာတယ်။ များလာတော့ ဘာဝင်လာတုန်းဆိုရင် စိတ်ကြီးဝင်လာတတ်တယ်။ မာန်မာန ဖြစ်လာတတ်တယ်တဲ့။ ဒါက ပုထုဇဉ် တွေရဲ့ သဘောတရားအရ ပြောတာ။ သင်ထားတဲ့ စာပေကို အကြောင်းပြုပြီးတော့ ကိုးကွယ်တဲ့ ပုဂ္ဂိုလ် တွေ များလာတယ်။ များလာတာကို အကြောင်း ပြုပြီးတော့ လာဘ်လာဘတွေ ပေါလာတယ်။ လာဘ်လာဘတွေ ပေါများလာတာကို အကြောင်း ပြုပြီးတော့ ငါသိတယ်၊ ငါတော်တယ်၊ ငါတတ် တယ်၊ ဘေးက ဝိုင်းပြီတော့ မြှောက်တာတွေ ပါလာ တဲ့ အခါ မာန်တက်လာတယ်တဲ့။ မာန်တက်လာပြီ ဆိုကတည်းက သိတော့သိပြီ၊ မကျင့်ဘူး၊ အောက်ခြေ လွတ်လာပြီလို့ ဆိုရမယ်။ ပြောချင်ရာ ပြောတာတို့၊

လုပ်ချင်ရာ လုပ်တာတို့၊ သူပြောသမျှ ပရိသတ်က လက်ခံနေတဲ့အခါ ပြောချင်ရာ ပြောတယ်။ သူ လုပ်သမျှ ပရိသတ်က လက်ခံနေပြီ ဆိုရင်လည်း လုပ်ချင်ရာ လုပ်တယ်ဆိုတဲ့ အနေအထားမျိုးတွေ ဖြစ်ပေါ်လာတတ်တယ်။ ဒါကိုပြောတာနော် 'တရားသိလျက် အကျင့်ခက်တယ်'။

တရားသိလို့ရှိရင် ကျင့်မှသာလျှင် လမ်းမှန်ပေါ် ရောက်တယ်။ သိရုံသိလို့ရှိရင် ခုနက မလိုလားအပ်တဲ့၊ ကြားဖြတ်ပြီးတော့ ဝင်ရောက်လာတဲ့ အညစ်အကြေးတွေ 'ဗဟုဿုတ မဒ' လို့ ခေါ်တယ်။ စာပေကျမ်းဂန်တတ်မှု၊ အသိပညာ ဉာဏ်ပညာ ကြွယ်ဝမှုကို အကြောင်းပြုပြီးတော့ မာန်တက်လာတယ်။ မာန်တက်တယ် ဆိုတာ 'မဒ'

ယစ်မူးတတ်တယ်။

ဂုဏ်ပကာသနဆိုတာ လူကို မာန်ယစ်စေတတ်တယ်။ အာဏာကလည်း ယစ်မူးစေတတ်တယ်။ ပစ္စည်းဥစ္စာတွေကလည်း ယစ်မူးစေတတ်တယ်။ အသိပညာတွေ ကလည်း ယစ်မူးစေတတ်တယ်တဲ့။ အဲဒီ ယစ်မူးစေတတ်တဲ့ တရားတွေကို လက်ခံထားလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ မာနတွေကြီးပြီးတော့ အမှန်အကန် မမြင်တော့ဘဲနဲ့ သူပြောသမျှ သူလုပ်သမျှ အားလုံးက လက်ခံတယ် ဆိုပြီးတော့ မှားမှား ယွင်းယွင်းတွေ ဖြစ်လာတတ်တယ်လို့ ဒီလို ပြောတာနော်။ ဒါက အလွန်သတိထားရမယ့် အချက်ပဲ။

မြတ်စွာဘုရားသာသနာတော်ကြီးနဲ့ ကြုံတွေ့တဲ့အခါမှာ တရားဓမ္မအတိုင်း မှန်ကန်မှုရှိအောင်

လုပ်ရမယ်၊ မိမိ ကိုယ်တိုင် မှန်ကန်တဲ့အတိုင်း သိရှိဖို့လိုတယ်။ ထိုသိရှိထားတဲ့အတိုင်း တရားနာ ပရိသတ်တွေ၊ မိမိရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေကို ဟောပြောဖို့ လိုတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ဘုရားဟောတာကို မဟောဘူးလို့ပြောမယ်၊ မဟောတာကိုတော့ အဟောလုပ်ပြီး ပြောမယ်ဆိုရင် မှန်ကန်ပါ့မလား? မမှန်ကန်ဘူး။ မမှန်ကန်ရုံတင် မကဘူး မြတ်စွာဘုရားက "ဘုရားဟောတာကို မဟောဘူးလို့ပြောလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ လူအများရဲ့ အကျိုးစီးပွားမဲ့အောင် ပြုလုပ်ရာ ရောက်တယ်" တဲ့။ ဒါ နံပါတ်(၁) အချက်။ နံပါတ်(၂)က အဲဒီ ပုဂ္ဂိုလ်ဟာ အကုသိုလ်တွေ များစွာဖြစ်ပွားစေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ နံပါတ် (၃)က မြတ်စွာဘုရား

သာသနာတော်ကြီးကို ကွယ်ပျောက်အောင် လုပ်ရာ ရောက်တယ်။ အပြစ် အင်မတန်မှ ကြီးတယ်လို့ ပြောတာနော်။ တချို့က သာမန်လေးပဲ အောက်မေ့ နေကြတာ၊ မဟုတ်ဘူး။ ဘုရား ဟောလျက်သားနဲ့ မဟောဘူးလို့ ပြောတာဟာ ဒါ မှားယွင်းမှု တစ်ခုပဲ။ ဘုရားဟောတာကို မဟောဘူးလို့ မပြောရဘူး။ ဘုရားဟောတာကို မဟောဘူး လို့ မပြောရသလိုဘဲ ဘုရားမဟောတာကိုလည်း ဘုရား ဟောတယ်လို့ မပြောကောင်းဘူး။ ပြောပြီဆိုရင် ဒီ ပုဂ္ဂိုလ်ဟာ အများအကျိုးမဲ့ လုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ အကုသိုလ်တွေ အများကြီးဖြစ်စေတဲ့ ပုဂ္ဂိုလ် တစ်ယောက်၊ သာသနာတော်ကြီး ကွယ်ပျောက်အောင် လုပ်တဲ့ တရားခံတစ်ယောက် ဖြစ်နိုင်တယ်လို့

'အင်္ဂုတ္တရနိကာယ်' မှာ မြတ်စွာဘုရားက ဟောထားတာ။

ဒါကြောင့်မို့ ဘုရား မဟောတာကို ဟောတယ်လို့ မပြောမိဖို့၊ ဘုရားဟောတာကို မဟောဘူးလို့ မပြောမိဖို့ဓမ္မကို အဓမ္မလို့ မပြောမိဖို့လိုတယ်။ ဆိုပါစို့၊ သူများအသက် သတ်ခြင်းဟာ အဓမ္မပဲ။ အဲဒီ အဓမ္မကို ကိုယ့်ကို အန္တရာယ်ပြုလာရင်တော့ သတ်ကောင်းတယ်လို့ ပြောလို့ရှိရင် အဓမ္မကို ဓမ္မလို့ ပြောရာ မရောက်ပေဘူးလား?၊ ရောက်တယ်။ တစ်ခါ ဓမ္မကို အဓမ္မလို့ ပြောပြန်တယ်။ ကုသိုလ်ကောင်းမှုကိုတော့ မလုပ်ကောင်းဘူးလို့ ပြောပြန်တယ်၊ ဒါနကို မလုပ်ကောင်းဘူး သံသရာရှည်မယ်လို့ ပြောမယ်ဆိုရင် ဒါ ဓမ္မကို အဓမ္မလို့ ပြောတာ

ဖြစ်တယ်။

အေး ဒါကြောင့်မို့ အမှုမဲ့ အမှတ်မဲ့ မလုပ်နဲ့။ ဒီလို ပြောခြင်းဖြင့် ဘာဖြစ်လဲဆိုရင် အများရဲ့ အကျိုးစီးပွားမဲ့ရာကို လုပ်ရာရောက်ခြင်း။ အကုသိုလ်တွေ မြောက်များစွာဆည်းပူးမိခြင်း၊ သာသနာတော်ကြီးကို ကွယ်ပျောက်စေခြင်း ဟောဒီအချက် (၃)မျိုးကို အဲဒီ ပုဂ္ဂိုလ်ဟာ ကျူးလွန်ရာ ရောက်သွားတယ်။ ဒါ အင်္ဂုတ္တရ နိကာယ်မှာ မြတ်စွာဘုရား ဟောထားတဲ့ သုတ္တန်တွေ အရ ဖြစ်တယ်။ ထို့အတူပဲ 'ဝိနိယ' မြတ်စွာဘုရား ဟောထားတဲ့ အဆုံးအမတွေကို အဆုံးအမ မဟုတ်ဘူးလို့ ပြောမယ်၊ မြတ်စွာဘုရား ဆုံးမထားတာတွေကို ဆုံးမထားတာ မဟုတ်ဘူးလို့ ပြောမယ်ဆိုရင်လည်းပဲ ဒီအခြေအနေမျိုး ရောက်

တာပါပဲ။ မြတ်စွာဘုရား ကျင့်သုံးတဲ့ တရားကိုလည်း မြတ်စွာဘုရား မကျင့်သုံးဘူးလို့ ပြောမယ်၊ မြတ်စွာဘုရား မကျင့်သုံးတာကို ကျင့်သုံးတယ်လို့ ပြောမယ် ဆိုရင်လည်း အမှားကို တင်ပြတာဖြစ်တယ်။ မြတ်စွာဘုရားရှင် ပညတ်တော်မူခဲ့တာတွေကိုလည်းပဲ မပညတ်ဘူးလို့ ပြောမယ်။ မပညတ်တဲ့ အရာကိုလည်းပဲ ဘုရားပညတ်သယောင် ပြောမယ် ဆိုရင်လည်း ခုနက ပြစ်မှု(၃)ခုကို ကျူးလွန်တာပဲတဲ့။ အဲဒါက အင်မတန်မှ အပြစ်ကြီးတယ်လို့ ဒီလို ဆိုလိုတယ်။

အဲဒါတွေက မသိလို့ ကျူးလွန်တာထက် သိလျက်သားနဲ့ ကျူးလွန်တာ ပိုဆိုးတယ်။ 'တရားသိလျက် အကျင့်ခက်'တဲ့။ ကျင့်သုံးဖို့ ပြောတဲ့အခါ

မှာ မှန်မှန်ကန်ကန်ပဲ ပြောသင့်တယ်။ ဟောတဲ့ အခါမှာလည်းပဲ မှန်မှန်ကန်ကန်ပဲ ဟောသင့်တယ်။ ဘုရားဟောထားတဲ့ တရားတွေအတိုင်း အဓိပ္ပါယ် အပြောင်းအလဲ မရှိစေဘဲနဲ့ မှန်မှန်ကန်ကန် ပြော ရမယ်။ မှန်မှန်ကန်ကန် ဟောရမယ်။

အဲဒီလို မလုပ်လို့ သံသရာထဲမှာ ဒုက္ခရောက် သွားတဲ့ ပုဂ္ဂိုလ်တွေ မြောက်များစွာ ရှိတယ်။ ဓမ္မကို အဓမ္မ၊ အဓမ္မကို ဓမ္မဖြစ်အောင် ပြုလုပ်သွားလို့ သံသရာထဲမှာ ဒုက္ခရောက်သွားတယ်ဆိုတာ ထင် ရှားတဲ့ သာဓကက ဘယ်သူလဲဆိုရင် ဂေါတမ မြတ်စွာဘုရားရဲ့အရင် ဟောဒီ ကမ္ဘာမှာ ပွင့်တာ ကဿပ မြတ်စွာဘုရား ဖြစ်တယ်။ အားလုံး သိတဲ့ အတိုင်း ဒီ ကမ္ဘာမှာ ဘုရားငါးဆူ ပွင့်မယ်။ ပထမဆုံး

ပွင့်တာက ကကုသန္ဓ မြတ်စွာဘုရား၊ ကကုသန္ဓ မြတ်စွာဘုရားက လူတွေရဲ့သက်တမ်း လေးသောင်းတမ်း မှာ ပွင့်တယ်။ အဲဒီအချိန်က လူတွေ အသက်လေးသောင်း ရှည်တဲ့အချိန်မှာ ပွင့်တယ်။ အဲဒီ ဘုရားပွင့်ပြီးတဲ့ နောက်မှာ လူရဲ့သက်တမ်းတွေဟာ ဆုတ်ယုတ် သွားလိုက်တာ (၁၀)နှစ်တမ်း အခြေအနေမျိုးထိအောင် ရောက်သွားတယ်။ အဲဒီကနေ တစ်ခါပြန်တက်လိုက်တဲ့ အခါ အသက်တွေ အသင်္ချေထိအောင် ရှည်တယ်။ ရှည်ပြီး နောက်မှာ လူတွေရဲ့သက်တမ်းဟာ ပြန်ဆုတ် လာလိုက်တာ အသက်သုံးသောင်းတမ်းရောက်တဲ့ အခါကျတော့ ကောဏာဂုံ မြတ်စွာဘုရား ပွင့်တယ်။

အဲဒီ ဘုရားနှစ်ဆူရဲ့ အကြားမှာ မြေကြီးဟာ

အပေါ်ကို တစ်ယူဇနာ မြင့်တက်လာတယ်လို့ ပြောတယ်။ ဘာဖြစ်လို့ မြေကြီးက အပေါ်ကို မြင့်တက်လာရသလဲဆိုတော့ ကြည့်လေ နေ့စဉ်နှင့်အမျှ သစ်ပင်က သစ်ရွက်တွေ ကြွေတာမရှိဘူးလား။ အေး သစ်ရွက်တွေ ကြွေတာတို့၊ ရေတိုက်စားပြီးတော့ တောင်တွေကနေ ကျလာတဲ့ မြေတွေတို့၊ ဒီပေါ်မှာ လူသေတွေ မြှုပ်တာကအစ၊ သတ္တဝါတွေမြှုပ်တာက အစ မြေကြီးက တိုးမလာဘူးလား။ မြေကြီးက လျော့မသွားဘူး၊ တိုးတိုး လာတာ။ ဘုရား တစ်ဆူနဲ့ တစ်ဆူကြားမှာ တစ်ယူဇနာ မြင့်တက်လာ တယ်။ တစ်ယူဇနာဆိုတာ ခန့်မှန်းပြောဆိုချက်အရ (အယူအဆကတော့ အမျိုးမျိုး ရှိတယ်ပေါ့။) ၈-မိုင် (သို့မဟုတ်) ၁၂-မိုင်၊ ၈-မိုင်ပဲ ထားပါတော့။ ဘုရား

တစ်ဆူနဲ့ တစ်ဆူကြားမှာ မြေကြီးဟာ ၈-မိုင်လောက် အပေါ်မြင့်တက်လာတယ်လို့ ဒီလို ပြောတာနော်။

ဒါ မှန်ကန်တယ်။ သုတ္တန်တစ်ခုမှာ မြတ်စွာဘုရားက ဟောထားတာ ကကုသန္ဓ မြတ်စွာဘုရားလက်ထက်တုန်းကတဲ့(အခုဗုဒ္ဓဂယာကို ဘုရားဖူးသွားတဲ့ ပုဂ္ဂိုလ်တွေ ရောက်ဖူးလိမ့်မယ်။ 'တောင်ငါးလုံးကာခို ရာဇဂြိုဟ်' ဆိုပြီးတော့ ရာဇဂြိုဟ်က ဂိဇ္ဈကုဋ်တောင်၊ ဝေပုလ္လတောင်၊ ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင် တောင်ငါးလုံး ရှိတယ်) အဲဒီ တောင်တွေထဲမှာ ဂိဇ္ဈကုဋ်တောင်ရဲ့ မြောက်ဘက်မှာ ဝေပုလ္လတောင် ဆိုတာ ရှိတယ်။ အဲဒီ ဝေပုလ္လတောင်ဟာ ကကုသန္ဓ

မြတ်စွာဘုရားလက်ထက်တော်အခါက တောင်ထိပ် ရောက်ဖို့ရာ တစ်လလောက် တက်ရတယ်။ အခု ခေတ်မှာတော့ အခုတက် အခုဆင်း ရတယ်။ တစ် လထိအောင် မကြာတော့ဘူး။ အဲဒါ ဘာပြောတာ လဲဆိုရင် မြေကြီးက မြင့်တက်လာပြီး တောင်တွေ ဟာ နိမ့်ဆင်းသွားတယ်ပေါ့။ အဲဒီလို ဟောထား တဲ့ သုတ္တန် ရှိတယ်။

သမိုင်းနဲ့ ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ သရေခေတ္တရာ။ ပါဠိအသံနဲ့ 'သရေ'ဆိုတာ သိရီ 'ခေတ္တရာ'ဆိုတာ ခေတ္တ၊ 'သိရီခေတ္တ'ဆိုတာ ကျက် သရေရှိတဲ့ မြေလွှာ၊ (ဒီကနေ့ခေတ်တော့ 'ပြည်' လို့ ခေါ်တယ်ပေါ့။) အဲဒီ သရေခေတ္တရာ ဆိုတဲ့ မြို့ပဲ ကြည့်ဦးပေါ့။ ရှေးဟောင်း ပစ္စည်းတွေဟာ မြေကြီး

အောက် ရောက်သွားလို့ တူးဖော်ကြရတယ်။ အဲဒါ လို ပုဂံမှာလည်းပဲ တူးဖော်ကြရတယ်။ တကောင်းမှာ လည်း တူးဖော်ကြရတယ်။ မြေကြီးအောက် ရောက် နေလို့ပေါ့။ ဗုဒ္ဓဂယာ ဘုရားဖူး ရောက်တဲ့သူတွေ တွေ့ကြပါလိမ့်မယ်။ ဗောဓိပင်ဘက် ဆင်းတဲ့အခါ မှာ အနိမ့်လား အမြင့်လားဆိုရင် နိမ့်သွားတာနော်။ ဗုဒ္ဓဂယာ ဘုရားကြီးဟာ အပေါ်က ကုန်းမြေထက် နိမ့်နေတာဖြစ်လို့ တူးဖော်ထားတယ်ဆိုတာ အများ ကြီး ထင်ရှားတယ်။ အောက်ကို ဆင်းရတာ အမှတ် တမဲ့ သွားရင် မသိဘူး။ အမှန်က အောက်ကို ဆင်းရ တာ နိမ့်သွားလို့ပဲ။ ဘယ်နေရာဖြစ်ဖြစ် တူးဖော်ထား ရတယ်။ ဘာဖြစ်လို့ တုန်းဆိုရင် နှစ်ပေါင်း ၂၅၀၀ ကျော်သွားပြီလေ၊ မြေကြီးက မြင့်တက်လာတာ။

အေး ဒါကြောင့်မို့ ဘုရားတစ်ဆူနဲ့ တစ်ဆူကြားမှာ မြေကြီးက တစ်ယူဇနာလောက် (သို့) ၈-မိုင်လောက် အပေါ်ကို မြင့်တက်လာတယ်ဆိုတာ တောင်တွေဟာ တဖြေးဖြေးနိမ့်လာတဲ့ သဘောပေ့ါ။ တော်ရုံ တောင်ဆိုရင်တော့ ပျောက်သွားပြီပေ့ါ။ မြေပြင် အတိုင်း ဖြစ်သွားပြီ။

ရန်ကုန်မြို့တည်ရာကိုပဲ ကြည့်ဦး၊ တချိန်တုန်းက ရေလွှမ်းနေတဲ့ ပင်လယ် အောက်က နေရာတစ်ခုပဲ။ ဟော တဖြေးဖြေး မြေပြင်ဖြစ်လာတယ်။ ပဲခူးရာဇဝင် ကြည့်မယ်ဆိုရင် ဟံသာဝတီ ကုန်းမြေလေးက ဟင်္သာတစ်ကောင်သာ နားလောက်တဲ့ ကုန်းကလေး ပေါ်တယ်လို့ ဆိုတာပဲ။ အခုကျတော့ ပဲခူးနားမှာ ပင်လယ်ဆိုတာ မရှိဘူး၊ ပဲခူး မြစ်ကလေးပဲ

ရှိတော့တယ်။ ကုန်းမြေက များလာတယ်။ မြေကြီး တွေ မြင့်တက်လာတယ်လို့ ဒီလို ပြောတာ။

အဲဒီလို ဘုရားတစ်ဆူနဲ့ တစ်ဆူကြားဟာ အဲဒီလောက် ကွာခြားပြီးတော့မှ ဘုရားတစ်ဆူ တစ်ဆူ ပွင့်တာ။ ဒီကမ္ဘာမှာ ငါးဆူပွင့်မှာ၊ အခု ပထမဆုံး ကကုသန္ဓ မြတ်စွာဘုရား ပွင့်ပြီးပြီ။ ပွင့်ပြီး တဲ့ အခါမှာ လူတွေရဲ့ သက်တမ်းဆုတ်တယ်။ ဆုတ် ပြီးတဲ့ အခါမှာ ကောဏာဂမဏမြတ်စွာဘုရား ပွင့်တယ်။ သက်တမ်းဟာ ဆုတ်သွားဦးမယ်။ ဆုတ် ပြီးရင် ပြန်တက်မယ်။ ပြန်တက်ပြီး ပြန်ဆုတ်မယ်။ လူတွေရဲ့ သက်တမ်း နှစ်သောင်းတမ်း ရောက်တဲ့ အခါမှာ ကဿပမြတ်စွာဘုရား ပွင့်တယ်။ ကဿပ ဘုရား ပွင့်ပြီးတဲ့အခါမှာလည်း ဒီလိုပဲ သက်တမ်း

ဆုတ်လာတယ်။ ကဿပမြတ်စွာဘုရား ပွင့်ပြီးတော့ ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားတယ်။ ကဿပ မြတ်စွာဘုရားက အနှစ်နှစ်သောင်းတမ်း၊ ကကုသန္ဓ မြတ်စွာဘုရားတို့၊ ကောဏာဂမဏ မြတ်စွာဘုရားတို့က လေးသောင်းတမ်း၊ သုံးသောင်းတမ်း။ အဲဒီတော့ လေးသောင်း၊ သုံးသောင်း၊ နှစ်သောင်းဆိုတာ တော်တော် သက်တမ်းရှည်တယ်လို့ ဒီလိုပြောရမယ်။

ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့ အခါကျတော့ သက်တမ်းရှည်တဲ့ ဘုရားတွေ ပရိနိဗ္ဗာန်စံလို့ ဓာတ်တော် ခ,တဲ့အခါမှာ ဓါတ်တော်ဟာ တစ်ခုတည်းပဲ ကြွင်းတယ်။ အရိုးဓါတ်တွေ၊ အသားဓါတ်တွေဟာ အကုန်လုံး စုပြီးတော့

ဓါတ်တော်အလုံးကြီး တစ်ဆူတည်းပဲ ဖြစ်တယ်။

ကဿပမြတ်စွာဘုရား ပွင့်ပြီးတဲ့နောက် ဂေါတမ မြတ်စွာဘုရားရှင် လက်ထက်ရောက်တဲ့ အခါကျ တော့ သက်တမ်းတိုသည့်အတွက်ကြောင့် သတ္တဝါတွေဟာ ဘုရားဓါတ်တော်တွေကို ကိုးကွယ် လို့ရှိရင် ပိုပြီးတော့ ကုသိုလ်တွေ ရကြပါစေဆိုတဲ့ အမိန့်ချက်နဲ့ ဂေါတမမြတ်စွာဘုရားရဲ့ ဓါတ်တော် တွေကျ တော့ အစိတ်စိတ် အမွှာမွှာတွေ ကွဲတယ်။ တမင် အမိန့် ထားခဲ့လို့ကွဲတာဖြစ်တယ်။ ကဿပ မြတ်စွာဘုရားကျတော့ ဓါတ်တော်ဟာ တစ်ဆူ တည်းပဲတဲ့။ ဒါကြောင့်မို့ စေတီဟာ တစ်ဆူပဲ တည်ရ တယ်။ ထူပလို့ ခေါ်တဲ့ အရိုးဓါတ် ထည့်ပြီးတော့ ကိုးကွယ်တဲ့ စေတီ တစ်ဆူပဲ ရှိတယ်။

ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံသွား လို့ သာသနာတော် ကျန်ရစ်တဲ့ အချိန်လေးမှာ သာသနာကို ကြည်ညိုတဲ့ မိသားစုတစ်စု သာသနာ ဘောင် ဝင်လာခဲ့တယ်။ ပြောမှာပေါ့ 'မနုဿတ္တ ဘာဝေါ ဒုလ္လဘော 'လူဖြစ်ဖို့လည်း ခဲယဉ်းတယ်၊ ရဟန်းဖြစ်ဖို့ အတွက်လည်း ခဲယဉ်းတယ် ဆိုပြီး ရဟန်းဘောင်ကို ဝင်လာကြတယ်။ အကိုကြီးလည်း သာသနာဘောင် ကို ဝင်လာတယ်။ အကိုကြီးရဲ့ နာမည်က 'သာဂတ' တဲ့။ သူ့ညီရဲ့ နာမည်က 'ကပိလ'တဲ့။ သာသနာ ဘောင် ဝင်လာကြတယ်။ ညီအစ်ကို (၂) ယောက် တင်မကဘူး နောက်ဆုံး နှမလေးကလည်း သာသ နာ့ဘောင် ဝင်လာခဲ့တယ်။ နှမလေး နာမည်က 'တာပနာ'တဲ့။ အမေကြီးက လည်း အကျွတ်တရား

ရပြီးတော့ သာသနာ့ဘောင် ဝင်လာတယ်။ အဖေကတော့ ပါမလာဘူး။ အဖေက သေသွားပြီလားတော့ မသိဘူး။ အမေကြီးကတော့ 'သာမိနီ' ဆိုတဲ့ နာမည်နဲ့ သာသနာဘောင် ကို မိသားစုလိုက် ဝင်လာကြတယ်။

သာသနာဘောင် ဝင်လာတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း လုပ်ရမယ့်အလုပ် (၂)ခု ရှိတယ်။ တစ်ခုက ဘုရားဟောတဲ့ တရားတော်တွေကို သင်ကြားမှုဆိုတဲ့ အလုပ် 'ပရိယတ္တိအလုပ်'၊ တနည်း အားဖြင့် ပြောမယ်ဆိုရင် 'ဂန္ထဓူရ' စာပေကျမ်းဂန် တာဝန်ကို ထမ်းဆောင်ရမယ်။ ဒါက သာသနာတော် ပြန့်ပွားရေးအတွက် လိုအပ်ချက် တစ်ခု ဖြစ်တယ်။ ဘုရားဟောတဲ့ တရားတွေကို သင်ကြားလို့ တဆင့်ဖြန့်ဖြူး

လို့ ဒီလိုကြိုးစားရတယ်။ နောက်တစ်ခု က 'ပဋိပတ္တိ'။ စာပေသင်ယူမှုကို မလုပ်တော့ဘူး တဲ့။ ဒါက အကျယ်မသင်တာကို ပြောတာ။ စာပေ သင်ကြားမှု ပိဋကတ်သုံးပုံ သင်ကြားမှုကို မလုပ်တော့ဘဲနဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့ အလုပ်ကို လုပ်တယ်။ ဒါက 'ဝါသဓုရ'လို့ ခေါ်တယ်။ သို့မဟုတ် 'ဝိပဿနာဓုရ'။

ဒီကနေ့ မြန်မာနိုင်ငံမှာလည်းပဲ ပရိယတ္တိ စာသင်တိုက်တွေ ဆိုတာရှိတယ်။ ကမ္မဋ္ဌာန်းရိပ်သာ ဆိုတာ ရှိတယ်ပေ့ါ။ အသက်အရွယ်ရတဲ့ ပုဂ္ဂိုလ် တွေကတော့ ပရိယတ္တိ စာသင်တိုက်မှာ စာမသင် တော့ဘူး။ ကမ္မဋ္ဌာန်းရိပ်သာ သွားပြီးတော့ တရား လေးနာ။ ကမ္မဋ္ဌာန်း နည်းစနစ်ကလေး နားထောင်ပြီး

တော့ တရားကျင့်တယ်ပေါ့။

အစ်ကိုကြီးလုပ်တဲ့ 'သာဂတ' ကလည်း အတူတူပဲ။ ရဟန်းဖြစ်ပြီးတော့ အသက်အရွယ်လေး နည်းနည်းရလာတော့ စာပေသင်ယူဖို့ကို သူ စိတ် မဝင်စားတော့ဘူး။ ကမ္မဋ္ဌာန်းပဲ အားထုတ်တော့ မယ်ဆိုပြီးတော့ ကမ္မဋ္ဌာန်းကို သင်ယူပြီးတဲ့အခါမှာ တောရကျောင်းတစ်ကျောင်း သွားပြီး ကမ္မဋ္ဌာန်း အားထုတ်လိုက်တာ သူက ရဟန္တာဖြစ် သွားတယ်။ ညီလုပ်တဲ့ 'ကပိလ'ကတော့ အသက် ငယ်သေး တယ်၊ စာသင်ဦးမယ်ဆိုပြီးတော့ စာတွေ သင်လိုက် တာ ပိဋကတ်သုံးပုံ ကုန်သွားပြီ။ စာတွေ တတ်တယ်၊ စာတတ်တဲ့အခါကျတော့ တပည့် ပရိသတ်တွေ များလာတယ်။ စာတတ်ပုဂ္ဂိုလ်ဆိုတော့ တပည့်ခံ

ချင်တဲ့ ပုဂ္ဂိုလ်တွေ များလာတယ်။ ဒကာ၊ ဒကာမ တွေကလည်း ပေါတော့ လာဘ်လာဘတွေ များလာတယ်။ အဲဒီလို အခြံအရံ ပရိသတ်က များလာခြင်း၊ တပည့်တွေ ဒကာတွေ များလာခြင်း၊ လာဘ်လာဘတွေ များလာခြင်း ဆိုတာကို အကြောင်း ပြုပြီးတော့ တရားကို သိပြီးတော့ ကျင့်ရမယ့်အစား ဘာဖြစ်သွားလဲဆိုရင် ခုနက ပညာမာန်တွေ တက်လာတယ်။ ကပိလက ပညာမာန်တွေ တက်လာပြီး ကျန်တဲ့ရဟန်း တွေအပေါ် အထင်သေး အမြင်သေး ဖြစ်လာတယ်။ သူ့လောက် မတတ်ဘူး၊ ဘာမှ မတတ်ဘူး နလပိန်းတုံးတွေ ဆိုပြီး နှိမ့်ချ ဆက်ဆံလာတယ်။ ကြည့်နော် သူက တရား သိပေမယ့်လို့ ကျင့်နိုင်ခြင်း မရှိဘူးပေါ့။ ဒီလို မာန်မာန မထားရဘူး

လို့ မြတ်စွာဘုရားက ဟောထားတဲ့ စာပေတွေ အများကြီးရှိတာပဲ။

ဒါကြောင့်မို့ ဘုရားက "အလဂဒ္ဒူပမာ ပရိယတ္တိ" စာသင်တဲ့ အခါမှာ မြွေဖမ်းမတတ်တဲ့ သူ ဖမ်းသလို စာမသင်ရဘူးတဲ့။ မြွေဖမ်းတဲ့ အခါမှာ မဖမ်းတတ်လို့ရှိရင် မြွေကိုက်တာနဲ့ပဲ သေရတယ်။ ထို့အတူပဲ စာသင်ပြီး မကျင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဟာ မြွေကိုက်ပြီး သေရသလိုပဲ ကိုယ်တတ်တဲ့ ပညာက ကိုယ့်ကိုပြန်သတ်တယ် ဆိုတဲ့ အဓိပ္ပါယ်မျိုး ပြောတာဖြစ်တယ်။ မြွေဖမ်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဟာ မြွေရဲ့လည်ပင်းကို ဆုတ်ကိုင်ပြီးတော့ ဖမ်းမှ မြွေကိုက်မခံရမှာ။ မြွေဖမ်းတဲ့အခါ မဖမ်းတတ်ဘဲ အမြီးကနေ သွားဖမ်းလို့ရှိရင် မြွေကိုက်တာနဲ့ သေ

တာပဲလေ။ အဲဒီလိုပဲ စာသင်ပြီး မကျင့်တဲ့ ပုဂ္ဂိုလ် ဟာ မြွေကို အမြီးက ဖမ်းတဲ့ ပုဂ္ဂိုလ်နဲ့ အတူတူပဲတဲ့။ သင်ထားတဲ့ ပရိယတ္တိစာပေ ပညာတွေက လာတဲ့ အကျင့်တရားကို မကျင့်ဘဲနဲ့ တတ်သိလိမ္မာတဲ့ ဗဟုသုတကို အထင်ကြီးပြီး မာန်ယစ်လာတဲ့အခါမှာ သူတပါးတွေကို အထင်သေး မမြင်သေး ဖြစ်လာ တယ်။ မောက်မာလာတယ်တဲ့။ ကပိလက အဲဒီလို အခြေအနေကို ရောက်သွား တယ်။

မောင်ဖြစ်တဲ့ ကပိလ ရဟန်းက စာတတ် တော့ ပိဋကတ်သုံးပုံဆောင် တိပိဋကဓရတဲ့ ဆို ပြီးတော့ ဒီလိုမာန်ယစ်လာတဲ့အခါကျတော့ သူ့ရဲ့ နှမတော် 'တာပနာ'ကလည်းပဲ သူ့မောင်က စာတတ်တယ် ဆိုတော့ သူကလည်းပဲ ဂုဏ်ယူတာပေ့ါ။ သူ့မောင်

အတွက် သူက ဂုဏ်ယူတယ်။ အမေလုပ်တဲ့ 'သာဓိနီ'ကလည်းပဲ သူ့သားအတွက် ဂုဏ်ယူမဆုံး ပေါ့။ သူတို့ကလည်း ရောယောင်ပြီး တော့ အဲဒီမှာ မာန်မာနတွေ တတ်လာကြတယ်။ ကပိလ အမေတဲ့၊ ကပိလ နှမတဲ့ ဆိုပြီးတော့ ရောယောင်ပြီးတော့ သူတို့ကလည်း တတ်,တတ် မတတ်,တတ် 'နွား တောင်းရောင်ကြောင့် ပါးပြောင်တယ်'လို့ ခေါ်တာ ပေါ့။ ပါးက နဂိုက မပြောင်ဘဲနဲ့ နွားတောင်းရောင် လေးကြောင့် ပါးပြောင်နေတာကို ပါးကပြောင်တယ် မှတ်နေတယ်။ကပ္ပလီပါးကဘယ် ပြောင်မှာလဲနော်။ မဲနေတာပဲ။

အေး အဲဒီလို မာန်မာနတွေ ဝင်လာကြတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေ အပေါ်၊ ရဟန်းတွေအပေါ်မှာ

အထင်သေး အမြင်သေး ဖြစ်လာတယ်။ အထင်သေး အမြင်သေး ဖြစ်ရုံတင်မကဘူး ရှုတ်ချတဲ့စကား၊ ဆဲရေး တိုင်းထွာတဲ့ စကားတွေ ပြောလာကြတယ်။ ဆဲတယ်ဆိုတာ အမျိုးမျိုး ရှိတယ်နော်။ ဘာမှမသိတဲ့ဟာတွေလို့ ပြောရင်လည်း ဆဲတာပဲ။ ဆဲရေးခြင်း (၁၀)မျိုးဆိုတဲ့ အထဲမှာ နလပိန်းတုံးတွေလို့ ပြောရင်လည်း ဆဲတာပဲ။ ဟိုလို ဘာမှ၊ ညာမှ ဆဲတာမှ ဆဲတာ မဟုတ်ဘူး။ အဲဒီလို ရဟန်းသံဃာတွေကို ဆဲရေး တိုင်းထွာတဲ့ အလုပ်တွေကိုပါ လုပ်လာပြီး တော့ အထင်သေး အမြင်သေးတွေ ဖြစ်လာတယ်။ ကဿပမြတ်စွာ ဘုရားလက်ထက်မှာ ဖြစ်နေတာနော်။

ကပိလ ရဟန်း အဲဒီလို ဖြစ်လာတဲ့ အခါကျ

တော့ ရဟန်းတွေက ပြောကြတယ်။ "ကိုယ်တော် စာတတ်ပေတတ် အင်မတန် နှမြောစရာကောင်း တယ်။ သူများကို အထင်သေး အမြင်သေး မလုပ် ပါနဲ့"။ နောက်ဆုံး သူက ဘာတွေထိ ပြောလာတုန်း ဆိုရင် ဘုရားဟောတာ ကိုလည်းပဲ မဟောဘူးလို့ ပြောချင် ပြောတယ်။ ဘုရား မဟောတာကိုလည်း ဟောတယ်လို့ ပြောချင် ပြောတယ်။ ဓမ္မကိုလည်း အဓမ္မလို့ပြောချင် ပြောတယ်။ အဓမ္မကိုလည်း ဓမ္မလို့ ပြောချင် ပြောတယ်။ သူက စာတတ်တာကိုး။ စာတတ်တော့ စာထဲ မပါဘဲနဲ့လည်း ပါတယ်လို့ ပြောချင်ပြောတယ်။ မပါတာကျတော့ ပါတယ် လုပ်တယ်။

ဘေးက ရဟန်းတွေက သတိပေးတယ်။

ကိုယ်တော် ဒါမျိုး မလုပ်ပါနဲ့၊ မရဘူး။ မရတော့ သူ့အစ်ကိုကြီးကို သွားတိုင်ကြတယ်။ 'ကိုယ်တော့် ညီကို ပြောပါဦး' သူ့အစ်ကိုကြီးက ရဟန္တာကြီးပဲ။ လာပြီးတော့ ပြောတယ်၊ "ငါ့ညီတဲ့ ပညာတတ်တယ် ဆိုတာ အင်မတန်မှ တန်ဖိုးရှိပါတယ်။ မြတ်စွာဘုရား ရဲ့ တရားတော်တွေကို တတ်သိလိမ္မာတာဟာ အင်မတန်မှ ကောင်းပါတယ်။ အမှန်အကန် ပြော ပါ။ သူများအတွက် ကိုယ် တတ်သိလိမ္မာတာတွေကို သူများကို တဆင့် မှန်မှန်ကန်ကန် ပြောပါ။ မာန်မာန တွေ မထားပါနဲ့" လို့ ဆုံးမတယ်။ တစ်ခါဆုံးမတယ်၊ မရဘူး။ နှစ်ခါ ဆုံးမတယ်၊ မရဘူး။

လောကလူတွေဟာ မာန်မာန တက်နေတဲ့ အချိန်မှာ ပြောလို့မရဘူး။ ဒါအမှန်ပဲ။ စီးပွားတွေ

သိပ်တက်လို့ အောင်မြင်နေတဲ့ လူတစ်ယောက်ကို ဆုံးမလို့ မရဘူး။ ရာထူးတွေ သိပ်မြင့်နေရင်လည်း ဆုံးမလို့ မရဘူး။ လူတွေဟာ တစ်ခုခု အောင်မြင်လာပြီဆိုရင် ဘယ်သူပြောတာမှ သိပ် နားမထောင်တော့ဘူး။ မာန်မာနတက်တယ်လို့ ခေါ်တယ်။ အခုလည်း သူ့အစ်ကိုက ဆုံးမလို့မရတဲ့အခါ တစ်ခါပြော၊ နှစ်ခါပြော မရတဲ့အခါ မပြောတော့ဘူးပေါ့။ ပြောမကောင်းဘူး ဆိုပြီးတော့ လက်လျှော့လိုက်တယ်။

နောက်ပိုင်း ဘယ်လောက်ထိအောင် ဆိုးတုန်း၊ ဘယ်လောက်ထိအောင် ပြောလာတုန်း ဆိုရင် ကျန်တဲ့ရဟန်းတွေကို "ကိုယ်တော်တို့ ဒီစာရလား"၊ ဆိုတော့ ကျန်တဲ့ကိုယ်တော်တွေကလည်း အဖက်

လုပ်ပြီး စကားမပြောချင်တော့ ငြိမ်နေကြတယ်။ ငြိမ်နေတဲ့အခါ သူက 'အလကား နလပိန်းတုံး တွေ'လို့ ဆဲတယ်။ ဆဲပြီးတော့ "ဒီတရား တွေဟာ အလကားပဲ ဘာမှအသုံးမကျဘူး ဝိနည်းတရားတွေ ကျက်နေလဲ အပိုပဲ၊ ကျင့်နေလဲ အပိုပဲနဲ့ တရားရဲ့ အပြစ်တွေကို ပြောတယ်။ ပြောတဲ့အချိန်ကစပြီး ကဿပဘုရားရဲ့ သာသနာတော်ကိုဟာ ဆုတ်ယုတ်သွားတယ်။

သူက ဂုဏ်သတင်းကြီးတဲ့ ပုဂ္ဂိုလ်၊ ဒကာ၊ ဒကာမ ကိုးကွယ်မှုများတဲ့ပုဂ္ဂိုလ် ဆိုတော့ သူ့နောက်လိုက်ကြတဲ့ လူတွေ အများကြီး ရှိမှာပေါ့။ အဓိက ကတော့ သူ့အမေနဲ့ သူ့နှမကတော့ ဘာမဆို သူ ပြောတာ အမှန်ပဲ။ သူက စာတတ်တယ်၊ သူသိတယ်

ဆိုပြီးတော့ အကုန်လုံး သူ့နောက်ကို လိုက်ကြတာ။ အေး အဲဒီလို ပြော လိုက်တဲ့ အခါကျတော့ သူက အကုသိုလ်တွေ အများကြီး ဖြစ်တယ်။ အကုသိုလ်တွေ ဖြစ်ရုံ မကဘူး၊ ကဿပ မြတ်စွာဘုရားရဲ့ သာသနာမှာ သင်ကြားပို့ချမယ့် ဆရာ မရှိအောင် သာသနာတော်ကို ကွယ်ပျောက်သွားအောင် သူ လုပ်တဲ့ သဘောပဲ ဖြစ်တယ်။

သေတဲ့အခါကျတော့ အဝီစိငရဲ ကျသွားတယ်။ သူ့ကို အားပေး အား မြှောက် ပြုပြီးတော့ သူနဲ့ အလိုတူ အလိုပါဖြစ်တဲ့ မယ်တော် ဘိက္ခုနီတို့၊ နှမတော် ဘိက္ခုနီတို့လည်းပဲ တခါတည်း အဝီစိငရဲ ပါသွားကြတယ်။ သူတို့လည်း အဲဒီထိအောင် လိုက်ပြီးတော့ အားပေးကြတယ်ပေါ့နော်။ အဲဒါ သတိ ထား။

ဘုန်းကြီးတစ်ပါးကို ကြည်ညိုလို့ရှိရင်လည်း အဝီစိထိအောင် လိုက်ပြီးတော့လည်း အားမပေး ကြလေနဲ့ဦး။ ဖြစ်တတ်တယ်။ သတိထားရမှာက ဆရာကမီးပုံထဲ ဆင်းတိုင်း တပည့်က လိုက်ပြီး တော့ ဆင်းသင့်သလား၊ မဆင်းသင့်ဘူးလား? ဆရာက ဆူးကိုနင်းတိုင်း တပည့်က လိုက်ပြီးတော့ ဆူးကို နင်းရမလား၊ မနင်းရဘူး။ ဒါမျိုးက မလုပ်ရဘူး။

သာဂတမထေရ်ကြီးကတော့ ရဟန္တာ ဖြစ်ပြီး တော့ ဓမ္မသံဝေဂရကာပရိနိဗ္ဗာန်စံသွားပြီ၊ ညီလုပ်တဲ့ ပုဂ္ဂိုလ်က သာသနာတော်ကို ဖျက်လိုဖျက်ဆီး လုပ် သွားတာကို အမေနဲ့ နှမက အားပေးအားမြှောက် လုပ်တာကြောင့် သေသွားတဲ့အခါ အကုန်လုံး အဝီစိ ငရဲ ရောက်သွားကြတယ်။ သူတို့လုပ်တဲ့ အကုသိုလ်

ကံကြောင့် သူတို့ အဝီစိ ရောက်သွားတာ။

ကဿပမြတ်စွာဘုရား လက်ထက်က ဂေါတမမြတ်စွာဘုရား မပွင့်မီစပ်ကြား ဆို တော့ မြေကြီးဟာ အပေါ်ကို တစ်ယူဇနာ မြင့်တက်လာသည် အထိ အဝီစိငရဲမှာ သူတို့ရှိတယ်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာတဲ့ အခါ ကပိလဟာ အဝီစိငရဲကနေ လွတ်လာပြီးတော့ ဂင်္ဂါမြစ်ထဲမှာ ငါးကြီးတစ်ကောင် လာဖြစ်တယ်။ အဲဒီ ငါးကြီးရဲ့ အရောင်က ရွှေရောင်တောက်နေတယ်။ ရွှေငါးကြီး လာဖြစ်တယ်ပေါ့။ သို့သော် အပြင်က ကြည့်လိုက်မယ်ဆိုရင်တော့ အလွန်လှတဲ့ ငါးကြီးဖြစ်တယ်။ အဲဒီငါးကြီး ပင်လယ်ထဲ ကျက်စားနေတဲ့ အချိန်မှာ ဇာတ်လမ်းလေး တစ်ခု

ပြောစရာ ကျန်သေးတယ်။ အဲဒီ ငါးကြီးကို ဖမ်းမယ့် တံငါတွေ အကြောင်းကို ပြောရ ဦးမယ်။

ကဿပ မြတ်စွာဘုရားရဲ့ နောက်ပိုင်း သာသနာမှာပဲ သူများအိမ်ကို ခိုးဆိုးတိုက်ခိုက် လုယက်ပြီးတော့ ခါးမြတိုက်ကြတဲ့ အဖွဲ့ပေါ့။ လူငါးရာ ရှိတယ်။ တစ်နေ့ကျတော့ ရွာတစ်ရွာ ဝင်တိုက်ရာက နေ ရွာလူထုက ညီညီညွတ်ညွတ်နဲ့ အဲဒီ ခါးမြတွေကို လိုက်ဖမ်းလို့ တောထဲကို ထွက်ပြေးကြတယ်။ ထွက်ပြေးပေမယ်လို့ မလွတ်ကြဘူး။ လိုက်လာတဲ့ လူအုပ်က တောကြီးတစ်ခုလုံး ဝိုင်းထားပြီးတော့ ခါးမြတွေဟာ ထွက်ပြေးပေါက် မရှိတော့ဘူး။ တောရကျောင်းတစ်ကျောင်းမှာ နေထိုင်တဲ့ ရဟန်းတစ်ပါးဆီကို အားကိုးတကြီးနဲ့ “အရှင်ဘုရား တပည့်တော် တို့ကို

ကယ်ပါဦးပေါ့"။ ဒုက္ခရောက်လို့ရှိရင်တော့ "ကယ်ပါဦး"တဲ့နော်။ သူတို့ကို အဲဒီရဟန်းက ဘာပြောတုန်းဆိုတော့ "အေး မင်းတို့မှာ အားကိုး စရာဆိုလို့ ဘာမှ မရှိတော့ဘူး။ ဒါပေမယ့် ဘာမှ အားမငယ်ကြပါနဲ့၊ မင်းတို့ ဘုရား၊ တရား၊ သံဃာ ရတနာ (၃)ပါးနဲ့ ကိုယ်ကျင့်တရားကိုသာ အားကိုး ပါ။ ကျန်တာတွေ အားကိုးမနေနဲ့။ ကဲ အားလုံး လိုက်ဆိုကြ" ဆိုပြီးတော့ သရဏဂုံ (၃)ပါးနှင့်တကွ ငါးပါးသီလကို ချပေးတယ်။ မင်းတို့ဟောဒီ ငါးပါးသီလကို အသက်သေခံပြီး စောင့်ထိန်းကြလို့ ဆုံးမဩဝါဒ ပေးလိုက်တယ်။ သူတို့မှာ ရွှေစရာလမ်း မရှိတော့ဘူး။ လူတွေက ဝိုင်းပြီးတော့ သူတို့ကို အကုန်လုံး သတ်ပစ်လိုက်ကြတယ်။ သရဏဂုံ (၃)ပါးနှင့်တကွ ငါးပါး သီလကို

ခံယူ ဆောက်တည်ထားသည့် အတွက်ကြောင့် သူတို့ ငါးပါးသီလကို မဖောက်ဖျက်ဘဲနဲ့ အသက် အသေခံလိုက်ကြတယ်၊ သေပြီးတော့ အကုန်လုံး နတ်ပြည်ရောက်ကြ တယ်။

သရဏဂုံဆိုတာ တကယ် အားကိုးရတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားရှင်က ဟောထားတာ။ **"ယေ ကေစိ ဗုဒ္ဓံသရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ"** ဘုရားကို ကိုးကွယ်တဲ့သူ ငရဲမကျဘူးတဲ့။ တရားကို ကိုးကွယ်တဲ့သူ ငရဲမကျ ဘူးတဲ့။ သံဃာကို ကိုး ကွယ်တဲ့ပုဂ္ဂိုလ် ငရဲမကျဘူးတဲ့။ ကိုးကွယ်တယ်ဆိုတာ မှန်ကန်တဲ့အနေနဲ့ ကိုးကွယ်ဖို့ လိုတယ်။ အေး သူတို့မှာ တခြား အားကိုးစရာ မရှိ သည့် အတွက်ကြောင့် အသက်ကိုစွန့်ပြီးတော့

ဘုရား၊ တရား၊ သံဃာ ရတနာ (၃)ပါးကို မြတ်မြတ် နိုးနိုး ကိုးကွယ်ကြတယ်။ ငါးပါးသီလ ဆောက်တည် ပြီး အသက်အသေခံလိုက်ကြတာ နတ်ပြည် ရောက် သွားကြတယ်။

ခိုးဆိုးတိုက်ခိုက်တဲ့ အကုသိုလ်ဟာ အကျိုး ပေးချိန် မရလိုက်ဘူး။ ခုနက ဆောက်တည်လိုက်တဲ့ ကုသိုလ်ကံ အကျိုးပေးလို့ နတ်ပြည် ရောက်သွား တာပေါ့။ နတ်ပြည်ကနေ လူ့ ပြည်၊ လူ့ပြည်ကနေ နတ်ပြည် စုံချည်ဆန်ချည်နဲ့ ဘုရားတစ်ဆူရဲ့ အကြား မှာ ကြင်လည်ကြရတယ်။

ဂေါတမဘုရား ပွင့်တဲ့အခါမှာ သူတို့လည်း လူ့ပြည်ရောက်လာကြတယ်။ သာဝတ္ထိမြို့နားက မြို့တံခါးအနီးမှာ တံငါရွာလေးတစ်ရွာ ရှိတယ်။ အဲဒီ

ရွာက အိမ်ခြေငါးရာ ရှိတယ်။ အခုခေတ်လို တံငါ ဆိုတာ ရေလုပ်သားပေါ့။ တံငါလို့ဆိုရင် နည်းနည်း ရိုင်းသလားလို့။ အဲဒီ ရွာမှာ ခုနက ဓါးမြ ငါးရာစလုံး လူလာဖြစ်ကြတယ်။ ဓါးမြခေါင်းဆောင်က အဲဒီရွာ မှာ ခေါင်းဆောင်ပဲ ပြန်ဖြစ်တယ်။ တပြိုင်နက် သေလာကြပြီး တပြိုင်နက်တည်း လူ့ပြည်ရောက် လာကြတယ်။ တပြိုင်နက်တည်း မွေးကြတယ်။

ခေါင်းဆောင်ဖြစ်တဲ့ အိမ်က တံငါသည် ခေါင်းဆောင်ကြီးက သူ့သားလေးမွေးတဲ့နေ့ မှာပဲ ဒီပြင်အိမ်ကမွေးတဲ့ ကလေးတွေ လိုက်ရှာ လိုက်တဲ့ အခါ ငါးရာရတယ်။ သူတို့ အတွက်ပါ သူက မွေး စရိတ်တွေ ထုတ်ပေးပြီးတော့ သူ့သားလေး အဖော် ရအောင်ဆိုပြီးတော့ ကျွေးမွေးထားတယ်။ အားလုံး

ကို ပျော်ပျော်ပါးပါးနဲ့ လူ့ဘဝ ရောက်လာ စေတယ် ပေါ့။ ဝင်ငွေကလည်း ကောင်းတယ်ထင် ပါရဲ့။

ဒီကလေးတွေ လူပျိုပေါက်အရွယ် ရောက်လာတဲ့အခါကျတော့ သူတို့ကို သင်တန်းပေးတာ။ ဘာပေးလဲဆိုရင် ကွန်ပစ်တာတို့ ပိုက်ချတာတို့ပေါ့။ တံငါရဲ့လုပ်ငန်း သင်တန်းပေးတာပေါ့။ လှေကလေးနဲ့ ပင်လယ်ထဲ ထွက်တယ်။ သာဝတ္ထိနဲ့ နီးတယ် ဆိုတော့ အစိရဝတီမြစ် ရှိတယ်ပေါ့။ ဂင်္ဂါမြစ် ရှိတယ်ပေါ့။ အဲဒီ ဂင်္ဂါမြစ်ထဲမှာ လှေကလေးနဲ့ ကွန်ပစ်ထွက်ကြတယ်။ အဲဒီလို ကွန်ပစ် ထွက်တဲ့အခါမှာ ပထမဆုံး သူတို့ပစ်လိုက်တဲ့ ပိုက် ကွန်ထဲမှာ ခုနက ရွှေငါးကြီး မိလာတယ်။ ရွှေငါးကြီး မိလာတယ် ဆိုတော့ ဝမ်းသာတာပေါ့။ မိဘတွေကလည်း

ဝမ်းသာကြတယ်။ တို့သားတွေ သိပ် တော်တာပဲ၊ ကြည့်စမ်း ပထမဆုံး ကွန်ပစ်လိုက်တာ ရွှေငါးကြီး မိလာတယ်၊ တို့တော့ ဘုရင်ဆီက ဆုရတော့မှာပဲ ဆိုပြီးတော့ ငါးကြီးမသေရအောင် လှေထဲမှာ ရေ တွေထည့်ပြီး အဲဒီငါးကြီးကို လှေထဲ ထည့်တယ်ပေါ့။ လှေက ရေကန်ကြီးလို ဖြစ်နေတယ်။

အဲဒီ ငါးထည့်ထားတဲ့ လှေကြီးကို ဘုရင့် ဆီကို ထမ်းပြီးယူသွားကြတယ်။ ပသေနဒီ ကောသလ မင်းကြီးကို သွားဆက်သကြတယ်။ သွားဆက်တော့ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်နဲ့ "ရွှေငါးကြီး မိသတဲ့၊ ရွှေငါးကြီး မိသတဲ့" ဆိုပြီးတော့ လာကြည့် ကြတယ်။ ဘုရင့်နန်းတော် ရောက်တဲ့အခါ လှေကို ချပြီး ဘုရင်ကို သံတော်ဦးတင်တယ်။ ဘုရင်က ရွှေငါး

ကြီးဆိုတော့ ထူးထူးဆန်းဆန်း ဆင်းကြည့်တာပေါ့။ ကြည့်လိုက်တဲ့အချိန်မှာ အရောင်ကတော့ အင်မတန်လှတယ်၊ ရွှေငါးကြီး။ သို့သော် ငါးကြီးရဲ့ ပါးစပ်ကြီးကို ဟလိုက်တဲ့ အချိန်မှာ နန်းတော်ကြီး တစ်ခုလုံးဟာ အပုပ်နံ့ ထောင်းကနဲ့ နံသွားတယ်။ အကုန်လုံး နှာခေါင်းပိတ်ကုန်ကြတယ်။ ငါးကြီး ပါးစပ်ဟာ လိုက်တာနဲ့ တပြိုင်နက် ပတ်ဝန်းကျင် တစ်ခုလုံး အပုပ်နံ့တွေ လှိုင်သွားတယ်။ ဘယ်သူမှ မနေနိုင်ဘူး၊ နှာခေါင်းတွေ အကုန်ပိတ်ကြတယ်။

ဘုရင်ကြီးက 'ဟာ ငါးကဖြင့် အင်မတန် လှတယ်၊ ပုပ်စော်က နံလိုက်တာ၊ ဘာကြောင့်ပါလိမ့်'။ ဘုရားဆီကို သွားမေးကြမယ်။ ကဲ ဒီငါကြီး ထည့်ထားတဲ့ လှေကို ကျောင်းတော်ကို မ,ခဲ့ဆိုပြီးတော့

ဘုရားထံကို ဒီငါးကြီး ယူသွားပြန်တယ်။ ဇေတဝန်ကျောင်း ရောက်သွားတယ်။ ငါးပြပွဲကြီး ကျင်းပနေတာ ကျနေတာပဲ။

ဇေတဝန်ကျောင်း ရောက်သွားတဲ့အခါကျတော့ ကောသလမင်းကြီးက ဘုရားရှင်ကို မေးလျှောက်တယ်။ "အရှင်ဘုရား ဟောဒီ ရွှေငါး ကြီးက အတော်ထူးဆန်းတယ်၊ ဒါပေမယ့် သူ့ ပါးစပ်ဟလိုက်လို့ရှိရင် ပုပ်စော် အင်မတန်နံတယ်။ အားလုံးဟာ နှာခေါင်းတွေ ပိတ်ပြီးတော့ ကျောင်းတော်ကိုရောက်လာရတယ်။ အရှင်ဘုရား သူဘာကြောင့်ရွှေငါးဖြစ်ရတာပါလဲ ဘုရား"လို့ မေးလျှောက်တော့ မြတ်စွာဘုရားက အနာဂတံသဉာဏ်နဲ့ သူ့ရဲ့ အတိတ်ဘဝကို ကြည့်တော်မူတယ်။

ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက သူဟာ ကပိလဆိုတဲ့ ရဟန်းပဲ၊ သက်နိုးဝတ်ပြီးတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဟောပြော ပြသခဲ့သည့် အတွက်ကြောင့် သူ့ခန္ဓာကိုယ်ဟာ ရွှေရောင်တောက်နေတာဖြစ်တယ်။ ကောင်းတာလေးလုပ်လို့ ကောင်းကျိုးတော့ ရတာပေါ့နော်။ သို့သော်လည်း တကယ့် သူတော်စင်တွေ၊ ရဟန်းတော်တွေကို ဆဲခဲ့လို့ ပါးစပ်က ပုပ်စော် နံနေတာ ဖြစ်တယ်။

အဲဒီတော့ အရပ်ထဲမှာ ဆဲတဲ့သူတွေလည်း သတိထားရမယ်နော်။ ဆဲလို့ရှိရင် ပါးစပ်ပုပ်စော်နံတယ်တဲ့။ အေး အဲဒီလိုပဲ မြတ်စွာဘုရားက အတိတ်ဘဝကို ဟောပြရုံတင်မကဘူး၊ သက်သေထူတဲ့

အနေနဲ့ အဲဒီငါးကြီးကို မြတ်စွာဘုရားက မေးတယ်။ မေးတော့ ငါးကြီးက လူ့ဘာသာစကားနဲ့ ပြောတယ်တဲ့။ "ကပိလပါဘုရား"။ ဘယ်က လာတာလဲလို့ မေးတဲ့အခါ "အဝီစိငရဲကြီးက လာခဲ့တာပါ"တဲ့။ သူ လုပ်ခဲ့တဲ့ အကုသိုလ်တွေက ကျန်နေသေးလို့ အဆစ်ရတာဖြစ်တယ်။ ဈေးဝယ်ရင်သာ အဆစ်တောင်းလို့ ရတာမဟုတ်ဘူး၊ အကုသိုလ်ကလည်းပဲ အဆစ်ပေးသေးတယ်။ သတိထား။ အကုသိုလ်ကံတွေကလည်း အဆစ်တော့ ပေးတတ်သေးတယ်နော်။ ဈေးဝယ်ရင်သာ အဆစ်ရချင်မှ ရတာ။ နာရီ အကြီးကြီး ဝယ်ပြီး နာရီသေးသေး အဆစ်တောင်းတာမျိုး ဖြစ်နေဦး မယ်။

အဲဒီမှာ အကုသိုလ်ကြောင့် အဝီစိ ငရဲမှာ

အပြည့်အဝ ခံရပြီးတဲ့အပြင် အဆစ်ရတဲ့အနေနဲ့ သူဟာ ငါးလာဖြစ်ပြန်တယ်ပေါ့။ အဲဒီလို ဖြစ်တဲ့ အချိန်မှာ ကုသိုလ်၊ အကုသိုလ်တွေက ရောပြီး အကျိုးပေးတော့ ကုသိုလ်ရဲ့ အရှိန်ကြောင့် ရွှေငါး ကြီး ဖြစ်ရပေမယ့်၊ ဆဲရေးခဲ့တဲ့ မကောင်းမှု အကု သိုလ်ကြောင့် ပုပ်စော်နံနေရတယ်တဲ့။ အဲဒါ မြတ်စွာ ဘုရားက မေးတယ် 'မင်းဘယ်သူလဲ' ဆိုတော့ "ကပိလပါဘုရား"၊ သူပြောလိုက်ရင် နှာခေါင်းတွေ ကတော့ အကုန်ပိတ်ထားရတယ်။ 'ဘယ်က လာတာတုန်း' ဆိုတော့ အဝီစိငရဲက၊ 'ဘာဖြစ်လို့ အဝီစိငရဲ ကျတာတုန်း' ရဟန်းတွေကို ဆဲခဲ့လို့ပါ။ ဒါဖြင့် 'ဘယ်ပြန်သွားမှာတုန်း'ဆိုတော့ အဝီစိငရဲပဲ သူ ပြန်သွားရမှာပါ။ သူသွားရမယ့် လမ်းကြောင်း

ကြီးကို သူသိတယ်။

အဲဒီလိုပြောရင်း သူ့ အကြောင်းတွေ လူသိကုန်ပြီ။ ရှက်လည်းရှက်၊ စိတ်လည်းညစ်ပြီးတော့ အဲဒီငါးကြီးဟာ သူ့ ကိုယ်သူ ခေါင်းနဲ့လှေနဲ့ ဆောင့်ပြီး သေဆုံးသွားတယ်။ အဝီစိငရဲ ပြန်ရောက်သွားသတဲ့။

ဩော် ခုနကတုန်းက သရဏဂုံတည်ပြီးတော့ သေဆုံးသွားတဲ့ ငါးမြဘဝက လူတွေက နတ်ပြည်ရောက်တယ်။ နတ်ပြည်ကနေ လူ့ပြည်ရောက်၊ အပြန်ပြန် အစုန်အဆန်သွားပြီးတော့ နောက်ဆုံးမှာ တံငါသည်ဘဝကို ရောက်လာပြီး တံငါသည်ရဲ့ သားသမီးတွေဖြစ်ပြီး ကပိလငါးကြီးကို ဖမ်းမိတော့ ဘုရားဆီ ရောက်တဲ့အခါ ဘုရားရှင်ရဲ့ တရားနာပြီးတော့

သူတို့ကလည်း သံဝေဂတွေ ရသွားကြတယ်။

အဲဒီ တံငါသည်သား ငါးရာဟာ တကယ့် အဖြစ် အပျက်ကို တွေ့ပြီးတော့ အကျွတ်တရားရပြီး အဲဒီမှာ သာသနာဘောင် ဝင်ပြီးတော့ ရဟန်းခံကြ တယ်။ နောက်ဆုံးမှာ သူတို့လည်းပဲ ရဟန္တာတွေ ဖြစ်သွားကြတယ်ပေါ့။ အကြီးဆုံးလူရဲ့ နာမည် တော့ ပါတယ်။ 'ယသောဇ'လို့ခေါ်တယ်။ အဲဒီ ယသောဇ အမှူးရှိတဲ့ ရဟန်းငါးရာဟာ ကပိလ ငါးကြီးကို တွေ့ကြုံရလို့ သံဝေဂတွေ ဖြစ်ပြီးတော့ သာသနာ ဘောင် ဝင်ပြီးတော့ တရားကျင့်ကြတာ တဲ့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က 'ကပိလသုတ္တန်' ဆိုပြီးတော့ ဟောသေးတယ်။ "လောကမှာ မြတ်သောအကျင့် ကျင့်နေတဲ့ အခါမှာ

စိတ်နေသဘောထား မကောင်းလို့ နှုတ်ကြမ်းလျှာကြမ်းနဲ့ သူတော်ကောင်းတွေကို ဆဲရေးမယ်ဆိုရင် အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့နိုင်တယ်။ စိတ်ကောင်းနှလုံးကောင်းရှိဖို့ အင်မတန်မှ အရေးကြီးတယ်။ တရားဟာ တရားသိပြီးတော့ ကျင့်မှ အကျိုးရနိုင်တယ်။ တရားသိပြီးတော မကျင့်ဘူးဆိုရင် ဒီလို အဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့နိုင်တယ်”လို့ မြတ်စွာဘုရားက ဒီလိုဟောပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိသတ် အပေါင်းတို့ဟာ ‘တရားသိလျက် အကျင့်ခက်’ ဆိုတာလို မဖြစ်စေဘဲနဲ့ မိမိတို့ သိရင် သိတဲ့အတိုင်း တရားဓမ္မဆိုတာ လိုက်နာကျင့်သုံးမှသာလျှင် အကျိုးရှိတယ်။ မိမိတို့ဘဝ အကျိုးရှိဖို့ရာ

သိအောင်လည်း ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။ သိတဲ့အတိုင်းလည်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြဖို့ အရေးကြီးတယ်ဆိုတာကို အားလုံးသဘောပေါက်ပြီး နိဗ္ဗာန်ချမ်းသာကို မျှော်မှန်းလျက် သာသနာတော်နဲ့ ကြုံတွေ့နေတဲ့ အချိန်မှာ တရားဓမ္မကို သိရှိနားလည်လို့ ကျင့်ကြံကြိုးကုတ် အားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

xxxxxxxxxxxxxxxxx

## မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

## အရှင်နန္ဒမာလာဘိဝံသ ၏

## ထုတ်ဝေပြီး ဓမ္မစာအုပ်များ

အဘိဓမ္မာ မြတ်ဒေသနာ(ပထမတွဲ)

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်